ပေးပို့သူ Statistics Korea (KOSTAT)

လက်ခံရရှိသူ

စစ်တမ်းပါဝင်သူနံပါတ် [ ] – [ ] – [ ]

[အင်တာနက်ဝဘ်ဆိုက်ထံ ချိတ်ဆက်နည်း]

- ပါဝင်သူက စမတ်ဖုန်းဖြင့် QR ကုဒ်ကို စကန်ဖတ်လိုက်သည့်အခါ စစ်တမ်းပါဝင်သူနံပါတ်ကို ဝဘ်ဆိုက်ထဲသို့ အလိုအလျောက်ထည့်သွင်းပေးပါသည်။ (ထိုသို့လုပ်ဆောင်ရန် စမတ်ဖုန်းတွင် ကင်မရာနှင့် Daum သို့မဟုတ် NAVER အက်ပ်တို့ ပါရှိရပါမည်။)
- ပေါ်တယ်ဆိုက်တွင် လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်းတို့ကို ရှာပါ။ နှိပ်လိုက်ပြီးနောက် စစ်တမ်းပါဝင်သူနံပါတ်ကို ထည့်ပါ။
- လိပ်စာဘားတွင် census.go.kr ကိုထည့်ပါ။ ဘရောင်ဆာသည် သင့်ကို စစ်တမ်းဆိုက်ထံ ခေါ်ဆောင်သွားပေးလိမ့်မည်ဖြစ်ပြီး ဤနေရာတွင် သင်က စစ်တမ်းပါဝင်သူနံပါတ်ကို ထည့်ပေးရပါမည်။

| | | | |
|---|---|---|---|
| စမတ်ဖုန်း (QR စကန်) | 1. အချက်အလက်စာမျက်နှာရှိ QR ကုဒ်ကို စကန်ဖတ်ပါ | 2. ဝင်ပါ (စစ်တမ်းပါဝင်သူနံပါတ်ကို အလိုအလျောက်ထည့်ပေးပါသည်) | 3. ကိုယ်တိုင်-စစ်မှန်ကြောင်းအတည်ပြုမှုနှင့် စကားဝှက်သတ်မှတ်မှု |
| စမတ်ဖုန်း (ဝဘ်ဆိုက်) | 1. လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်းဝဘ်ဆိုက်ထံ ချိတ်ဆက်ပါ | 3. စစ်တမ်းပါဝင်သူနံပါတ် ထည့်ပါ | 4. ကိုယ်တိုင်-စစ်မှန်ကြောင်းအတည်ပြုမှုနှင့် စကားဝှက်သတ်မှတ်မှု |
| PC စခရင် | 1. လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်းဝဘ်ဆိုက်ထံ ချိတ်ဆက်ပါ<br>2. "အင်တာနက်စစ်တမ်းတွင် ပါဝင်ပါ" ကိုနှိပ်ပါ | 3. စစ်တမ်းပါဝင်သူနံပါတ် | 4. ကိုယ်တိုင်-စစ်မှန်ကြောင်းအတည်ပြုမှုနှင့် စကားဝှက်သတ်မှတ်မှု |

လူဦးရေသန်းခေါင်စာရင်း နှစ် 100 ပြည့်နှစ်ပတ်လည်

2025 လူဦးရေစာရင်း

ဒုတိယမြောက် လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်း

အင်တာနက်နှင့် ဖုန်း စစ်တမ်း- 2023.10.16~10.31

အကြောင်းမပြန်သောအိမ်ထောင်စုများအတွက် သွားရောက်သော စစ်တမ်း- 2023.11.1~11.17

※အသေးစိတ်အချက်များ ပိုမိုသိရှိရန်၊ လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်း ဝဘ်ဆိုက် (www.census.go.kr) သို့ သွားပေးပါ

လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်းသည် နိုင်ငံတော်မူဝါဒများ၊ ပညာရေးစူးစမ်းလေ့လာမှု၊ နှင့် ပုဂ္ဂလိကအခန်းကဏ္ဍရှိ စီမံခန့်ခွဲမှုတို့ကို ဖော်ဆောင်ခြင်းနှင့် အကဲဖြတ်ခြင်းအတွက် ကိုးကားဒေတာအဖြစ်အသုံးပြုသော နိုင်ငံတော်က အသိအမှတ်ပြုထားသည့် အရေးကြီးသော ကိန်းဂဏန်းများ ဖြစ်ပါသည်။ KOSTAT သည် 2025 လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်းအတွက် တိုးတက်အောင်လုပ်ရမည့် နယ်ပယ်များကို ခွဲခြားသတ်မှတ်ရန်နှင့် ပိုမိုကောင်းမွန်စွာ ပြင်ဆင်နိုင်ရန်အတွက် ရှေ့ပြေးစစ်တမ်းကို လုပ်ဆောင်လျှက်ရှိပါသည်။

မျက်နှာချင်းဆိုင်တွေ့စရာမလိုသော စမတ်စစ်တမ်းကို အောက်တိုဘာ 16 ရက် (တနင်္လာနေ့) နှင့် အောက်တိုဘာ 31 ရက် (အင်္ဂါနေ့) ကြားတွင် လုပ်ဆောင်လိမ့်မည်ဖြစ်ကာ ပါဝင်သူများသည် PC/စမတ်ဖုန်း (census.go.kr သို့မဟုတ် QR ကုဒ်) သို့မဟုတ် ဖုန်းခေါ်ဆိုမှုစင်တာ (အခမဲ့ 080-000-2025၊ 9AM~7PM) မှတစ်ဆင့် စစ်တမ်းကို ပြီးစီးအောင် ဖြေဆိုနိုင် ပါလိမ့်မည်။ စမတ်စစ်တမ်းကာလ (အောက်တိုဘာ 16 မှ အောက်တိုဘာ 31 အထိ) အတွင်း စစ်တမ်းကို ပြီးအောင် ဖြေဆိုသူများသည် ကံစမ်းမဲဖောက်ပေးသော အသေးစားလက်ဆောင်တစ်ခုကို ရနိုင်မည့်အခွင့်အရေးကို ရရှိပါလိမ့်မည်။

အင်တာနက် သို့မဟုတ် ဖုန်းမှတစ်ဆင့် စစ်တမ်းကို တုံ့ပြန်ဖြေဆိုခြင်းမရှိသော အိမ်ထောင်စုများသည် ဖြေဆိုသူများ၏ အိမ်တွင် မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းမှုများကို လုပ်ဆောင်မည့် KOSTAT အမှုထမ်း လာရောက်မှုကို ရရှိပါလိမ့်မည် (ဗုဒ္ဓဟူးနေ့၊ နိုဝင်ဘာ 1 ရက်နှင့် သောကြာနေ့၊ နိုဝင်ဘာ 17 ရက်ကြား မည်သည့်အချိန်တွင်မဆို)။

စာရင်းအင်းအချက်အလက် အက်ဥပဒေ၏ ပုဒ်ခွဲ 33 နှင့် 34 ပေါ်တွင်အခြေခံ၍၊ သင်ဖော်ပြပေးထားသော အချက်အလက် များကို စစ်တမ်းရလဒ်များအား ရယူစုဆောင်းခြင်းအတွက်မဟုတ်သည့် ရည်ရွယ်ချက်များအတွက် အသုံးမပြုနိုင်စေရန် တင်းကျပ်စွာ ကာကွယ်ပေးထားပါလိမ့်မည်။ ထို့ကြောင့်၊ ဤစစ်တမ်းကို ပြီးအောင်ဖြေဆိုရာတွင် သင်၏ အပြည့်အဝ ပူးပေါင်းမှုကို ရိုကျိုးစွာတောင်းဆိုပါသည်။

သင့်အိမ်ထောင်စုကို 2025 လူဦးရေနှင့် အိမ်ရာ လူဦးရေစာရင်း၏ ဒုတိယအကြိမ် ရှေ့ပြေးစစ်တမ်းအတွက် ဖြေဆိုသူ အဖြစ် ရွေးချယ်ထားပါသည်။

စစ်တမ်းတွင် ပါဝင်ရမည့်နည်းလမ်းနှင့်ပတ်သက်သည့် အသေးစိတ်ဖော်ပြထားသော ညွှန်ကြားချက်များအတွက် ဤလမ်းညွှန်၏ကျောဘက်ကို လေ့လာကြည့်ပေးပါ။

မနက်ဖြန်၏ပြောင်းလဲမှုသည် သင်၏ဇာတ်ကြောင်းထံမှ စတင်ပါသည်　　　　Statistics Korea